# ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (က) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) **မူး ယစ် ထုံ ထိုင်း ဘေး ဖြစ် စေ တတ် သော ဆေး ဝါး** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်—

(၁) ဘိန်း ပင်၊ ကို ကား ရွက် နှင့် ဆေး ခြောက် ပင် အမျိုးမျိုး၊ ယင်းတို့မှ ထုတ်လုပ်သော အရာဝတ္ထုများ၊

(၂) ဘိန်း ပင်၊ ကို ကား ရွက် နှင့် ဆေး ခြောက် ပင် အမျိုးမျိုးတို့မှ ပြင်ဆင်ပြုလုပ်ထားသော အရာဝတ္ထုများ၊

(၃) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး ကဲ့သို့ အာနိသင်ရှိသည့် ဓာတုဗေဒ အရာဝတ္ထု များ သို့မဟုတ် မူးယစ်ထုံထိုင်း ဘေးဖြစ် စေတတ်သော ဆေးဝါးတစ်ခုခုကို ဓာတုဗေဒ အရာဝတ္ထုများနှင့် ရောစပ်ပြီး ထုတ်လုပ်သော မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး များ သို့မဟုတ် အခြားအရာဝတ္ထုများ၊

(၄) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး အဖြစ် သက်ဆိုင်ရာ ဝန်ကြီးဌာနက အခါအား လျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကြေညာထားသည့် ဆေးဝါး သို့မဟုတ် အခြား အရာဝတ္ထုများ။

၃။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဃ) အောက်တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (င) အဖြစ် ဖြည့်စွက်ရမည်—

(င) ဆေးသုံးစွဲသူ ဆိုသည်မှာ မူးယစ်ထုံထိုင်း ဘေးဖြစ်စေ တတ်သော ဆေးဝါး တစ်မျိုးမျိုးကို ခွင့်ပြုချက်မရှိဘဲ သုံးစွဲသူကိုဆိုသည်။

၄။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ အောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၆–က အဖြစ် ဖြည့်စွက်ရမည်—

၆–က။ (က) မည်သူမျှ ခွင့်ပြုချက်မရှိဘဲ မူးယစ်ထုံထိုင်း ဘေး ဖြစ်စေ တတ်သော ဆေးဝါးကို ရောင်းချရန် အလို့ငှာ လက်ဝယ်ထားခြင်းမပြုရ၊

( ခ ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိနှင့် ငွေဒဏ်ကျပ် ငါးသောင်း သို့မဟုတ် သေဒဏ် ချမှတ်ခြင်း ခံရမည်။ ထို့အပြင် ဖြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး၊ ပစ္စည်း၊ ကိရိယာတန်ဆာပလာများ၊ ယာဉ်များ၊ တိရစ္ဆာန်များ၊ မြေနှင့် အဆောက်အအုံ များကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၅။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၇ အောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၇–က အဖြစ် ဖြည့်စွက်ရမည်—

၇–က။ (က) မည်သူမျှ ခွင့်ပြုချက်မရှိဘဲ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကို ရောင်းချရန် အလို့ငှာ သယ်ယူပို့ဆောင်ခြင်း မပြုရ၊

( ခ ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်မှအများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိနှင့် ငွေဒဏ်ကျပ် ငါးသောင်း သို့မဟုတ် သေဒဏ်ချမှတ်ခြင်း ခံရမည်။ ထို့အပြင် ဖြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါး၊ ပစ္စည်း၊ ကိရိယာတန်ဆာပလာများ၊ ယာဉ်များ၊ တိရစ္ဆာန်များ၊ မြေနှင့် အဆောက်အအုံများကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်း ယူ ခြင်း ခံရမည်။

၆။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (က) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) ဆေးသုံးစွဲသူများသည် အစိုးရက သတ်မှတ်သော ကာလ အပိုင်းအခြားအတွင်း၌ သတ်မှတ်သည့် ဌာနများတွင် မှတ်ပုံတင်ရမည်၊

၇။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသော ဆေးသုံးစွဲသူများအား ကုသပေးရေးနှင့် ပတ်သက်၍ အစိုးရသည် ညွှန်ကြားချက်များ ထုတ်ပြန်ပြီး လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်။

၈။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (ဂ) ပါ အကြောင်းအရာ အားလုံးကို ပယ်ဖျက်ရမည်။

၉။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ အခန်း (၁၃) တွင် အောက်ပါ ပုဒ်မကို ပုဒ်မ ၁၄-က အဖြစ် ဖြည့်စွက်ရမည်—

၁၄-က။ မည်သူမဆို အောက်ဖော်ပြပါ မူး ယစ် ထုံ ထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးတစ်မျိုးမျိုးကို ယင်းနှင့် ယှဉ်တွဲ ဖော်ပြထားသော အလေးချိန် သို့မဟုတ် ယင်း အလေးချိန်ထက်

မို၍ လက်ဝယ်ထားလျှင် ဖြစ်စေ၊ သယ်ယူပို့ဆောင်လျှင် ဖြစ်စေ ပုဒ်မ ၆–က အရ ရောင်းချရန် အလို့ငှာ လက်ဝယ်ထားသည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၇–က အရ ရောင်းချရန် အလို့ငှာ သယ်ယူ ပို့ဆောင်သည်ဟူ၍ လည်းကောင်း မှတ်ယူရမည်—

(က) ဘိန်းဖြူဖြစ်ပါက သုံးဂရမ်၊

(ခ) မော်ဖင်းဖြစ်ပါက သုံးဂရမ်၊

(ဂ) မိုနိုအက်စီတိုင်းမော်ဖင်း ဖြစ်ပါက သုံးဂရမ်၊

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါး စုစုပေါင်း ဟိုသည် သုံးဂရမ် သို့မဟုတ် ယင်းတို့အနက် နှစ်မျိုးပေါင်းသည် သုံးဂရမ်၊

(င) ဘိန်းစိမ်း သို့မဟုတ် ပြုပြင်ထားသော ဘိန်း သို့မဟုတ် ယင်းနှစ်ခုပေါင်း တစ်ရာဂရမ်၊

(စ) ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်း နှစ်ဆယ့်ငါးဂရမ်၊

(ဆ) ကိုကားရွက်ဖြစ်ပါက တစ်ရာဂရမ်၊

(ဇ) ကိုကင်းဖြစ်ပါက သုံးဂရမ်၊

(ဈ) သက်ဆိုင်ရာ ဝန်ကြီးဌာနက မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးအဖြစ် အခါအား လျော်စွာ သတ်မှတ်သော ဆေးဝါး နှင့် အလေးချိန်။